# ခုံသမာဓိကောင်စီ

## ခုံအဖွဲ့၏ ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၂၃(စ) }

## ခုံအဖွဲ့

၂၀၁၈ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၅၂/၂၀၁၈)

| | |
|---|---|
| ဦးစန်းယု (အလုပ်ရှင်)၊<br>ဦးဝင်းမင်း (ကန်ထရိုက်)၊<br>ရွှေဇင်အေးအထည်ချုပ်စက်ရုံ၊အမှတ် (၅၆)၊<br>ဦးဖိုးလှိုင်လမ်း၊ရွှေပေါက္ကံစက်မှုဇုန်၊<br>မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| ဦးဇာနည်ပါ (၇)ဦး၊<br>အမှတ် (၄၄၅)၊ စေတနာ (၃) လမ်း၊<br>(၄၃) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဇူလိုင် လ ၁၂ ရက်

## ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက္ကံစက်မှုဇုန်၊ ဦးဖိုးလှိုင်လမ်း၊ အမှတ် (၅၆) ရှိ ဦးစန်းယု (အလုပ်ရှင်)၊ ဦးဝင်းမင်း (ကန်ထရိုက်)၊ ရွှေဇင်အေးအထည်ချုပ်စက်ရုံနှင့် အလုပ်သမား ဦးဇာနည်ပါ(၇)ဦးတို့အကြား ဖြစ်ပွားသော အငြင်းပွားမှုကို မြောက်ဥက္ကလာပမြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သော်လည်း ပြေလည်မှုမရရှိသဖြင့် ရန်ကုန်တိုင်း ဒေသကြီး၊ ခုံသမာဓိအဖွဲ့က ထိုအငြင်းပွားမှုကို အငြင်းပွားမှုအမှတ် (၆၉/၂၀၁၈) အရ ကြားနာ စစ်ဆေးပြီး ၂၀၁၈ ခုနှစ်၊ ဇွန် လ ၁၅ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၂။ ဤအငြင်းပွားမှုသည် တောင်းဆိုခြင်းခံရသူ ဦးစန်းယု(အလုပ်ရှင်)၊ ဦးဝင်းမင်း (ကန်ထရိုက်) ထံတွင် တောင်းဆိုသူ အလုပ်သမား ဦးဇာနည်ပါ (၇)ဦးတို့က အလုပ်မှထုတ်ပယ်ခံရသဖြင့် အလုပ်ထုတ်နစ်နာကြေးရလိုကြောင်း တောင်းဆိုသည်မှ ဖြစ်ပွားလာသောအငြင်းပွားမှုဖြစ်သည်။

၃။ ထိုတောင်းဆိုချက်အပေါ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက်(၁) ချက် ရေးဆွဲပြီးအဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုခြင်းခံရသူ အလုပ်ရှင်မှ အောက်ပါကောက်ချက်အမှတ် (၁)ပေါ်တွင် ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ လျှောက်ထားခြင်းဖြစ်သည်-

**ကောက်ချက်အမှတ်(၁)။** ဦးဇာနည်ပါ ဆေးဆိုးပန်းရိုက်အလုပ်သမား ၇ ဦးတို့အား နစ်နာကြေး ပေးသင့်/မသင့်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** ရွှေဇင်အေးအထည်ချုပ်စက်ရုံ အလုပ်ရှင် ဦးစန်းယုအနေဖြင့် ဆေးဆိုးပန်းရိုက်အလုပ်သမား ဦးဇာနည်ပါ ၇ ဦးတို့အား နို့တစ်ကြေး တစ်လစာနှင့် လုပ်သက်အလိုက် နစ်နာကြေးအား နောက်ဆုံးထုတ်လစာ (OT မပါ) နှုန်းဖြင့် တွက်ချက်ထုတ်ပေးရန် ဆုံးဖြတ်သည်။

၄။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၆၉/၂၀၁၈) ဆုံးဖြတ်ချက် အပေါ်တွင် ကျေနပ်မှုမရှိသဖြင့် ဦးစန်းယု (အလုပ်ရှင်)မှ ခုံသမာဓိကောင်စီသို့ လျှောက်ထားလာသဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ၊ အမိန့်ကြော်ငြာစာအမှတ် (၅၄/၂၀၁၈)ဖြင့် ခုံသမာဓိကောင်စီ၊ အမှုအမှတ်(၅၂/၂၀၁၈) အား ကြားနာစစ်ဆေးမည့် ဝန်ကြီးဌာနကိုယ်စားလှယ် ဦးအောင်သန်း၊ အလုပ်ရှင်ကိုယ်စားလှယ် ဦးထွန်းအောင်၊ အလုပ်သမားကိုယ်စားလှယ် ဦးတင်ထွန်းတို့ပါဝင်သော ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့သည်။

၅။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် အမှုတွဲကိုလက်ခံရရှိပြီးနောက် မြို့နယ်အညှိနှိုင်းဖျန်ဖြေရေး အဖွဲ့နှင့် ခုံသမာဓိအဖွဲ့တို့မှ လွှဲပြောင်းပေးပို့တင်ပြလာသည့် မှတ်တမ်းများ၊ စာရွက်စာတမ်း အထောက်အထားများ၊ လျှောက်ထားသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာများ၊ နှစ်ဖက်ထွက်ဆိုချက်များအပေါ် အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်ရေးဆွဲပြီး စီရင်ဆုံးဖြတ်လိုက်သည်-

**ကောက်ချက်အမှတ်(၁)။** ဦးဇာနည်ပါ ဆေးဆိုးပန်းရိုက်အလုပ်သမား ၇ ဦးတို့အား နစ်နာကြေး ပေးသင့်/မသင့်။

<u>တွေ့ရှိချက်</u>

၆။ အလုပ်သမားက၂၀-၄-၂၀၁၈ ရက်စွဲဖြင့် မြောက်ဥက္ကလာပမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တိုင်ကြားစာတွင် (၁) ဦးဝင်းမင်း (စက်ရုံတာဝန်ခံ)က ၅-၄-၂၀၁၈ ရက်နေ့တွင် လုပ်ငန်းဖျက်သိမ်းသည်ဟု အကြောင်းကြားကြောင်း၊ (၂) ကရုဏာကြေးအဖြစ် တစ်လခွဲစာပေးမည်ဟု ပြောကြောင်း၊ အလုပ်သမားများမှာ လုပ်သက် ၄ နှစ်မှ ၁၀ နှစ်အထိရှိကြ၍ ဥပဒေအရ ဥပဒေနှင့်အညီ ခံစားခွင့်ရရှိလိုကြောင်း စသောအချက်များဖော်ပြခဲ့ပါသည်။

၇။ မြောက်ဥက္ကလာပမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ၂၅-၄-၂၀၁၈ ရက်နေ့နှင့် ၂-၅-၂၀၁၈ ရက်နေ့များတွင် ဖျန်ဖြေခဲ့ရာ အလုပ်သမားများဘက်မှ တင်ပြချက်များမှာ (၁) ဒေါ်ငွေးငွေး ဦးစီးသော ဆေးရိုက်ဌာနတွင် စတင်လုပ်ကိုင်ခဲ့ကြောင်း၊ အလုပ်စဝင်ချိန်တွင် ရွှေဇင်အေးဥက္ကဋ္ဌပဲသိပြီး လုပ်ငန်းခေါင်းဆောင်များ ပြောင်းခဲ့သော်လည်း မသိရှိခဲ့ရကြောင်း၊ (၂) ယခုနှစ်တွင် ကျွန်တော်တို့ လုပ်ငန်းအား တာဝန်ခံ ဦးဝင်းမင်းနှင့် ဦးလင်းလင်းအား တာဝန်ပေးအပ်ပြီး လုပ်ငန်းအား ရွှေဇင်အေးဥက္ကဋ္ဌမှ လုပ်ကိုင်စေခဲ့ကြောင်း၊ (၃) အလုပ်သမားများမှာ လုပ်သက် ၄ နှစ်မှ ၁၀ နှစ်အထိ ရှိကြကြောင်း၊ (၄) လစာထုတ်ရာတွင် ရွှေဇင်အေးအထည်ချုပ် ဘဏ္ဍာရေးရုံးခန်းသို့ ကျွန်တော် (ဦးဇာနည်)ကိုယ်တိုင်သွားရောက်ထုတ်ယူရကြောင်း၊ လစာထုတ်ပေးသည့်စာအိတ်အနည်းအများ ရှိကြကြောင်း၊ ၃ လပိုင်းတွင် လစာတစ်ဝက်ပေးပြီး လုပ်ငန်းများဖျက်သိမ်းခဲ့ကြောင်း၊ (၅) ဦးဇာနည်နှင့် ဦးကျော်မင်းသူတို့ ဝန်ထမ်းကဒ်ရရှိပြီးဖြစ်ကြောင်း၊ ဦးဝင်းမင်းမှ ပြတောင်းယူသွားခဲ့ကြောင်း၊ အလုပ် အဝင်/အထွက် (Time Card) ရိုက်နှိပ်ခဲ့ဖူးကြောင်း၊ (၆) လစာမှာ ဦးဇာနည် ၇၅၀၀၀၀ိ/-၊ ဦးကျော်မင်းသူ ၅၀၀၀၀၀ိ/-၊ ဦးသက်အောင် ၃၆၀၀၀၀ိ/-၊ ဦးချစ်စန်းလှိုင်ထွေး ၁၀၀၀၀၀၀ိ/-၊ ဦးတင်မောင်ဝင်း ၄၀၀၀၀၀ိ/-၊ ဦးကျော်သူအောင် ၃၆၀၀၀၀ိ/-နှင့် ဦးအောင်လင်းထွန်း ၃၆၀၀၀၀ိ/- ရလိုကြောင်း စသောအချက်များဖြစ်ပါသည်။

၈။ အလုပ်သမားက ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့သို့ ၁၄-၅-၂၀၁၈ ရက်စွဲဖြင့် တင်ပြသည့် တောင်းဆိုလွှာတွင် (၁) ၃ လပိုင်း လစာထုတ်ပေးပြီး တာဝန်ခံမှ ဆေးရိုက်ဌာနဖျက်သိမ်းသည်ဟု ပြောကြောင်း၊ ဥက္ကဋ္ဌ ဦးစန်းယု (ခ) ဦးမောင်မောင်နှင့် တွေ့ပြီး ကရုဏာကြေးကိစ္စကို HR ဒေါ်စုနှင့် ပြောကြားခဲ့ကြောင်း၊ လုပ်ငန်းသဘောတရားအရ တစ်ယောက်လျှင် ၃ လစာ တောင်းခံခဲ့ကြောင်း၊ ဥက္ကဋ္ဌမှ တစ်လခွဲစာကို ကရုဏာကြေးအဖြစ် ပေးမည်ဟုပြောကြားခဲ့ကြောင်း၊ (၂) လေဘာရုံးမှ ဖျန်ဖြေပေးသည့်အခါ၌ ကျွန်တော်တို့လုပ်ငန်းအား ကန်ထရိုက်စနစ်ဖြင့် လွှဲထားကြောင်း၊ ရွှေဇင်အေးစက်ရုံ စာရွက်နှင့် ဥက္ကဋ္ဌလက်မှတ်ပြတော့မှ သိရှိရကြောင်း၊ (၃) ဆေးရိုက်ဌာနအား တာဝန်ခံအဆင့်ဆင့် လွှဲပြောင်းအုပ်ချုပ်ကြသော်လည်း သူဌေးမှာ စက်ရုံဥက္ကဋ္ဌ ဦးစန်းယု (ခ) ဦးမောင်မောင်ဟု ဝန်ထမ်းများအကုန်သိရှိထားကြကြောင်း၊ ဆေးရိုက်ဌာနသည် ရွှေဇင်အေး

စက်ရုံအတွင်း၌ ထားရှိရန် နေရာမရှိသောကြောင့် စက်ရုံအနောက်ဘက်ရှိ ရွှေဇင်အေးစက်ရုံ လုပ်ငန်း တိုးချဲ့ဆောင်အတွင်း ပန်းထိုးဌာန၊ မီးပူတိုက်ဌာနနှင့်တွဲ၍ ဆေးရိုက်ဌာနပူးတွဲ လုပ်ကိုင်ခဲ့ကြောင်း၊ ဆေးရိုက်ဌာနသည် ရွှေဇင်အေးဌာနခွဲအဖြစ် လုပ်ကိုင်ကြရပြီး စက်ရုံအတွင်းမှ ဝင်ထွက်သွားလာခြင်းများရှိခဲ့ကြောင်း၊ Time Card တွင် ရေးနှိပ်ခဲ့ရကြောင်း၊ (၄) လစာကို ရွှေဇင်အေးစက်ရုံပါ စာရွက်ပေါ်တွင် အမည်နှင့်တကွ ဝန်ထမ်းအားလုံး လက်မှတ်ထိုးထုတ်ယူခဲ့ကြကြောင်း၊ ၃ လပိုင်းလစာ တစ်ဝက်ပဲရသည်ဟု တာဝန်ခံကပြောပြီး ၄ လပိုင်း ၅ ရက်နေ့တွင် ထုတ်ပေးခဲ့ကြောင်း စသောအချက်များပါရှိပါသည်။

၉။ ခုံသမာဓိအဖွဲ့က အမှုစစ်ဆေးရာတွင် အလုပ်သမားများ၏ ထွက်ဆိုချက်များမှာ (၁) ၂၀၀၄ ခုနှစ်၊ မြောက်ဥက္ကလာပရွှေဇင်အေးအထည်ချုပ်စက်ရုံဝန်းထဲတွင် ပန်းရိုက်လုပ်ငန်းစလုပ်ခဲ့ပြီး လစာကို ရွှေဇင်အေးဘဏ္ဍာရေးရုံးခန်းထဲတွင် တာဝန်ခံဗိုလ်မှူးတင့်နိုင်ဆီမှာ ထုတ်ယူရကြောင်း၊ ၁၀ နှစ်ကျော်လုပ်ခဲ့ကြောင်း၊ (၂) ၂၀၁၄ ခုနှစ်၊ နောက်ပိုင်း တာဝန်ခံဦးစောစိုးမင်းမှာ ၂နှစ်လောက် လုပ်ခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် စက်ရုံကို ရွှေပေါက်ကံသို့ ပြောင်းခဲ့ပြီးနောက် တာဝန်ခံ ဦးသန်းမြင့်က တစ်နှစ်ခွဲလုပ်ခဲ့ကြောင်း၊ ရွှေဇင်အေးစက်ရုံဘေး၌ လုပ်ရကြောင်း၊ ရွှေပေါက်ကံ ၂၁ ရက်ကွက်၊ မင်းထူးကျော်ကို ပြောင်းခဲ့ကြောင်း၊ တာဝန်ခံ ဦးသန်းမြင့်ဖြစ်ပြီး ရွှေဇင်အေးစက်ရုံဘေး ကွက်လပ် ပန်းထိုးစက်ရုံအသစ်သို့ ပြန်ပြောင်းရကြောင်း၊ လစာကို ရွှေဇင်အေးဘဏ္ဍာရေးရုံးခန်းတွင် ထုတ်ပေးကြောင်း၊ (၃) ၂၀၁၇ ခုနှစ်၊ ၁၁ လပိုင်းတွင် တာဝန်ခံ ဦးဝင်းမင်းဖြစ်ပြီး လစာထုတ်လျှင် ဦးဝင်းမင်းကပဲ လစာကိုယူလာပေးကြောင်း၊ (၄) ဦးဝင်းမင်းက ဒီလုပ်ငန်းကို ဆက်မလုပ်တော့ဘူး ဖျက်သိမ်းလိုက်ပြီ၊ ရွှေဇင်အေးစက်ရုံထဲတွင် ပြန်လုပ်ချင်သလားမေးရာ ဆေးဆိုးပန်းရိုက်ပဲ လုပ်တတ်တော့ စက်ရုံထဲတွင် မလုပ်နိုင်ဟုပြောခဲ့ကြောင်း၊ (၅) သူဌေးက HR မစုနှင့် တွေ့ရန် ပြော၍ တွေ့ခဲ့ရာ မစုက လိုချင်သောငွေပမာဏကို ရေးတင်စေခဲ့ပြီး ဝန်ထမ်းကတ်ကိုသိမ်းခဲ့ကြောင်း စသောအချက်များဖြစ်ပါသည်။

၁၀။ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က ဖျန်ဖြေရာတွင် အလုပ်ရှင်ဘက်မှ ဦးဝင်းမင်းနှင့် ဦးစိုးအောင်တို့ တက်ရောက်ခဲ့ပြီး ဦးဝင်းမင်းထွက်ဆိုခဲ့ရာ (၁) အသေးစားတစ်ပိုင်တစ်နိုင် ပုတ်ပြွတ် (ကန်ထရိုက်) လုပ်ငန်းကို ၁၀-၇-၂၀၁၇ ရက်နေ့မှစ၍ လုပ်ကိုင်ခဲ့ကြောင်း၊ (၂) ရွှေဇင်အေးမှ အလုပ်မပေးနိုင်သည့်အခါ Cutting အလုပ်၊ အထည်ချုပ်အလုပ်ကို ပြောင်းလဲလုပ်ရန် ပြောင်းလဲပေးခဲ့သော်လည်း သဘောမတူခဲ့ကြောင်း၊ တစ်ခြားဆေးဆိုးပန်းရိုက်လုပ်ငန်းသို့ ပြောင်းလဲလုပ်ကိုင်ရန် ပြောင်းလဲပေးသော်လည်း သဘောမတူခဲ့ကြောင်း၊ (၃) အလုပ်ရှင်မှ တစ်ဦးလျှင် တစ်လခွဲစာပေးဖို့ ကမ်းလှမ်းခဲ့ကြောင်း စသောအချက်များပါဝင်ပါသည်။

နောက်ပိုင်း ၁၁-၇-၂၀၁၇ ရက်နေ့တွင် ကန်ထရိုက်စလုပ်ကြောင်း၊ အလုပ်သမားများ၏ လစာကို ဘဏ္ဍာရေးဌာနမှ သွားထုတ်ပေးကြောင်း၊ ကျွန်တော်က အထည်ကောက်ထဲက စားကြောင်း၊ ကျွန်တော်နှင့် ကိုလင်းလင်းက ၃၅/၄၀ စားကြောင်း၊ ဆေးဖိုးရှင်းပေးပြီး အလုပ်သမားများကို ပုတ်ပြတ်လစာပေးကြောင်း၊ (၄) အလုပ်သမားများကို စက်ရုံတွင်ဝင်၍ လုပ်ချင်သလားမေးခဲ့ကြောင်း၊ ဒေါ်မာလာပဲ အထည်ချုပ်ထဲဝင်လုပ်ပြီး ကျန်သူများလုပ်ငန်းမကျွမ်းကျင်လို့ မလုပ်ချင်ဘူးဟု ပြောကြကြောင်း၊ သူငယ်ချင်း၏ ဆေးရိုက်လုပ်ငန်းသို့ ပြောင်းမလားမေးရာ ထိုနေရာကဝေးသဖြင့် မသွားလိုဟု ပြောကြကြောင်း၊ (၅) ဦးစန်းယုဆီက ကရုဏာကြေးသွားတောင်းပေးခဲ့ကြောင်း၊ အလုပ်သမားများက သွားတိုင်သဖြင့် ၁ လခွဲစာ ပေးမည်ဟု ဦးစန်းယုက ပြောကြောင်း၊ (၆) ကျွန်တော်ဘက်မှ ၅၀၀၀၀၀ိ/-၊ သူဌေးဘက်မှ ၁၀၀၀၀၀၀ိ/- တောင်းထားပြီး အလုပ်သမားများကို မျှဝေပေးမည်ဖြစ်ကြောင်း စသောအချက်များ ဖြစ်ပါသည်။

၁၄။ ခုံသမာဓိအဖွဲ့၏ သုံးသပ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ရွှေဇင်အေးအထည်ချုပ်စက်ရုံ ပိုင်ရှင် ဦးစန်းယုသည် ဆေးဆိုးပန်းရိုက်လုပ်သားများ၏ ပုတ်ပြတ်လုပ်ခကို ရှင်းလင်းပေးရသူဖြစ်ပြီး ဦးဝင်းမင်း၊ ဦးလင်းလင်းတို့အား တာဝန်ခံစေရန် ကော်မရှင်စားအဖြစ် လုပ်ကိုင်စေခဲ့သည်မှာ ပေါ်လွင်ကြောင်း၊

(ခ) ဆေးဆိုးပန်းရိုက်လုပ်ငန်းအား နေရာပြောင်းရွှေ့လုပ်ကိုင်ခဲ့သော်လည်း ၎င်းတို့၏ လုပ်ခကို ရွှေဇင်အေးစက်ရုံ၊ ဘဏ္ဍာရေးဌာနမှ ထုတ်ပေးခဲ့သည်ကို တွေ့ရှိရကြောင်း၊

(ဂ) ဦးဝင်းမင်း၊ ဦးလင်းလင်းတို့သည် ဆေးဆိုးပန်းရိုက်လုပ်ငန်းအတွက် တာဝန်ခံများအဖြစ် သတ်မှတ်နိုင်ပြီး ကန်ထရိုက်အဖြစ် စာချုပ်ချုပ်ဆို ဆောင်ရွက်ထားမှုမတွေ့ရှိရခြင်း၊

(ဃ) ဆေးဆိုးပန်းရိုက်လုပ်ငန်း ရပ်ဆိုင်းဖျက်သိမ်းမှုအတွက် အလုပ်သမား (၇) ဦးအား နစ်နာကြေးပေးရန်အတွက် ဦးဝင်းမင်းနှင့် ဦးလင်းလင်းတို့တွင် တာဝန်မရှိနိုင်ကြောင်းနှင့် ရွှေဇင်အေးအထည်ချုပ်စက်ရုံ ပိုင်ရှင်တွင်သာ တာဝန်ရှိသည်ဟု သတ်မှတ်နိုင်ကြောင်း၊

(င) လုပ်သက်အလိုက် နစ်နာကြေးနှင့် တစ်လကြိုတင်အကြောင်းကြားခြင်းမရှိသည့်အတွက် နို့တစ်ကြေးပေးသင့်ကြောင်း။

<u>ခုံအဖွဲ့တွင် ဆောင်ရွက်ချက်</u>

၁၅။ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို ပြင်ဆင်သတ်မှတ်ပေးရန် ရွှေဇင်အေးစက်ရုံမှ လျှောက်လွှာတွင် (၁) အထည်ချုပ်စက်ရုံအနေဖြင့် ဝန်ထမ်းအင်အား ၁၀၀၀ ကျော်ဖြင့် လည်ပတ်လုပ်ကိုင်ရာ

ဝန်ထမ်းများအတွက် အလုပ်သမားမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ခြင်း၊ ဝန်ထမ်းစည်းကမ်းများ ချုပ်ဆိုခြင်း၊ ဝန်ထမ်းလစာများ ထုတ်ယူရာတွင် လက်ခံပြေစာများဖြင့် ထုတ်ပေးခြင်း၊ ဝန်ထမ်း မှတ်ပုံတင် ကတ်ပြားများပြုလုပ်ပေးခြင်း၊ အထည်ချုပ်စက်ရုံဝင်းအတွင်း၌ သာမန်အလုပ်ချိန် သတ်မှတ်ဝင်ရောက်ရခြင်း စသည့်စည်းကမ်းချက်များဖြင့် နှစ်ပေါင်းများစွာ ဆောင်ရွက်လုပ်ကိုင် နေခြင်း၊ ဦးဇာနည်ပါ (၇) ဦးတို့အနေဖြင့် ရွှေဇင်အေးစက်ရုံ၏ ဝန်ထမ်းဖြစ်ကြောင်း တင်ပြနိုင်ခဲ့မှု မရှိခြင်း စသောအချက်များကို တင်ပြကြောင်း၊ (၂) ရွှေဇင်အေးစက်ရုံနှင့် ကန်ထရိုက်တာ ဦးဝင်းမင်းတို့ ချုပ်ဆိုသော ဆေးဆိုးပန်းရိုက်ခ ဈေးနှုန်းသတ်မှတ်ခြင်း၊ သဘောတူစည်းကမ်း သတ်မှတ်ချက် အပိုဒ် ၅ တွင်လည်း ဆေးဆိုးပန်းရိုက်ရာတွင် အသုံးပြုသော ဆေးများဝယ်ယူ စရိတ်နှင့် ဝန်ထမ်းလခများအား ရွှေဇင်အေးအထည်ချုပ်စက်ရုံမှ တာဝန်မယူပါဟု သတ်မှတ်ထားခဲ့ ကြောင်း၊ ထိုအချက်ကို ခုံသမာဓိအဖွဲ့က ထည့်သွင်းသုံးသပ်ခြင်းမရှိကြောင်း၊ (၃) ဖြစ်ရပ်အမှန်မှာ ဦးဇာနည်ပါ(၇)ဦးလုပ်ကိုင်သော ဆေးရိုက်လုပ်ငန်းမှာ ရွှေဇင်အေးအထည်ချုပ်စက်ရုံ၏ လုပ်ငန်းခွဲ တစ်ခုမဟုတ်ကြောင်း၊ ဦးဝင်းမင်းမှာ ဆေးရိုက်တာဝန်ခံမဟုတ်ဘဲ လခစား ကန်ထရိုက်တာ တစ်ဦးသာဖြစ်ကြောင်း၊ (၄) ဆေးရိုက်လုပ်ငန်းမှရရှိသည့် လုပ်အားခများကို ရွှေဇင်အေးအထည်ချုပ် စက်ရုံမှ ထုတ်ပေးသည်မှာမှန်သော်လည်း စက်ရုံသို့ ပြန်လည်အပ်နှံသော အထည်အရေအတွက် အလိုက် ကျသင့်နှုန်းထားအတိုင်း ဦးဝင်းမင်းအား ရှင်းလင်းပေးချေခြင်းသာဖြစ်ပြီး၊ ဦးဝင်းမင်းမှ တစ်ဆင့် ၎င်း၏ လုပ်သားများအား လုပ်ခဲ့သည့်အရေအတွက်အလိုက် ပြန်လည်ခွဲဝေပေးချေ ခဲ့ခြင်းသာဖြစ်ကြောင်း၊ (၅) ကန်ထရိုက်တာ ဦးဝင်းမင်း ဆေးဆိုးပန်းရိုက်လုပ်ငန်း လုပ်ကိုင်သည့် နေရာမှာ ရွှေဇင်အေးအထည်ချုပ်စက်ရုံတည်ရှိရာ ဦးစိုးလှိုင်လမ်း၊ အမှတ် ၅၆ ယူ ခေါ်တွင်သော စက်ရုံပရဝုဏ်အတွင်း လုပ်ကိုင်ခဲ့ခြင်းမဟုတ်ကြောင်း၊ (၆) ဦးဝင်းမင်းအနေဖြင့် ဆေးရိုက်လုပ်ငန်း ကို ရွှေပေါက်ကံမြို့နယ်၊ ၂ ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ် (၃၉၁) ခေါ်တွင်သော နေအိမ်အား ငှားရမ်းလုပ်ကိုင်ခဲ့ကြောင်း၊ အိမ်ရှင်၊ အိမ်ငှား နှစ်ဖက်သဘောတူစာချုပ်အား ခုံသမာဓိအဖွဲ့သို့ ချေပလွှာပေးပို့စဉ်က ပူးတွဲတင်ပြခဲ့ကြောင်း၊ နောက်ပိုင်းတွင် ရွှေဇင်အေးအထည်ချုပ်စက်ရုံပရဝုဏ် အတွင်း မဟုတ်သော စက်ရုံအနီးရှိ ဦးမြင့်ဆွေပိုင် မြေကွက်အလွတ်ပေါ်တွင် ပြောင်းရွှေ့လုပ်ကိုင်ခဲ့ ကြောင်း၊ ခုံသမာဓိအဖွဲ့မှ ဦးဇာနည်ပါ ၇ ဦးအား ရွှေဇင်အေးအထည်ချုပ်စက်ရုံ၏ ဝန်ထမ်းများ သာဖြစ်ကြောင်း သုံးသပ်ထားခြင်းအား ပြန်လည်သုံးသပ်ပြင်ဆင်သင့်ကြောင်း၊ (၇) လိုအပ်သော အရေအတွက်ပြည့်မီအောင် လုပ်ကိုင်နိုင်ခြင်းမရှိခြင်း၊ ဆေးရိုက်လုပ်ငန်းဆိုင်ရာ အရည်အသွေး ကောင်းမွန်မှုမရှိခြင်း၊ လုပ်ငန်းအတွက် အခန်းလခနှင့် ဆိုးဆေးစရိတ်ကြီးမြင့်လာခြင်းတို့ကြောင့် တွက်ချေမကိုက် အရှုံးပေါ်သဖြင့် ဦးဝင်းမင်း၏ သဘောဆန္ဒအတိုင်း လုပ်ငန်းရပ်ဆိုင်းခြင်းသာ ဖြစ်ကြောင်း၊ (၈) အလုပ်သမားတစ်ဦးလျှင် ၁ လခွဲစာ လုပ်အားခအား ကရုဏာကြေးအဖြစ် ပံ့ပိုး

ကူညီရန် စေတနာအလျောက်အကူအညီပေးရန် သဘောတူညီခဲ့ကြောင်း စသောအချက်များ တင်ပြခဲ့ပါသည်။

၁၆။ ခုံအဖွဲ့က အမှုစစ်ဆေးရာတွင် အလုပ်သမားများက တင်ပြသည့်အချက်များမှာ (၁) ညဆိုင်း OT လုပ်ရသော်လည်း ပုံမှန်လစာသာရကြောင်း၊ OT မပေးကြောင်း၊ (၂) အလုပ်ပါးသည့်လတွင် ၇၀၀၀၀ိ/-၊ ၈၀၀၀၀ိ/-ခန့်သာ ပေးကြောင်း၊ (၃/၂၀၁၈) လတွင် လစာအပြည့်မပေးကြောင်း၊ (၃) ဦးဝင်းမင်းမှာ ဆေးရိုက်တာဝန်ခံဖြစ်ကြောင်း၊ ကန်ထရိုက်ဟုမသိထားကြောင်း၊ (၄) ၅-၄-၂၀၁၈ ရက်နေ့တွင် လစာပေးပြီး ဆေးရိုက်လုပ်ငန်းရပ်နားမည်ဟုပြောကြောင်း၊ (၅) သူဌေး ဦးစန်းယုနှင့် ၉-၄-၂၁၈ ရက်နေ့တွင်တွေ့ရာ အတွင်းရေးမှူး ဒေါ်တင်ထားစုမှ ကရုဏာကြေးလိုချင်သလောက် ရေးတင်ပါဟုပြော၍ တစ်ယောက် ၃ လစာစီတင်ပြကြောင်း၊ ထို့နောက် ပြန်လည်မတွေ့ရကြောင်း၊ ဦးဝင်းမင်းမှ တစ်လခွဲစာပေးမည်ဟုပြောကြောင်း၊ (၅) လစာကို စက္ကူအိတ်ပေါ်တွင် အမည်ရေး၍ ပေးခြင်းဖြစ်ကြောင်း၊ လစာစလစ်မပေးကြောင်း၊ (၆) ဦးဝင်းမင်းမတိုင်မီ ဦးစောစိုးမင်း ၁ နှစ်ခွဲခန့်၊ ဦးသန်းမြင့် ၃ နှစ်ခန့်လုပ်ကြောင်း၊ ယင်းနောက်တွင် အချိန်ကွာပြီးမှ တာဝန်ခံ ဦးဝင်းမင်း ဖြစ်သည်ဟု ကြေညာပါကြောင်း၊ (၇) တစ်ဦးလျှင် ၃ လစာရလျှင် ကျေနပ်ကြောင်း စသောအချက်များဖြစ်ပါသည်။

၁၇။ ခုံအဖွဲ့မှ အမှုစစ်ဆေးရာတွင် ရွှေဇင်အေးအထည်ချုပ်စက်ရုံပိုင်ရှင်၏ ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူက တင်ပြချက်များမှာ (၁) ဦးဇာနည်ပါ ၇ ဦးမှာ ရွှေဇင်အေးအထည်ချုပ်စက်ရုံ၏ ဝန်ထမ်းများမဟုတ်ကြောင်း၊ ပြည်တွင်းအထည်ချုပ်စက်ရုံဖြစ်၍ ကန်ထရိုက်ပေးခဲ့တာရှိကြောင်း၊ (၂) ထိုအလုပ်သမားများနှင့် EC စာချုပ်ချုပ်ဆိုထားခြင်းမရှိကြောင်း၊ ကန်ထရိုက် ဦးဝင်းမင်းက အလုပ်သမားများအား လစာပေးကြောင်း၊ တစ်ထည်လျှင် သတ်မှတ်နှုန်းထားအတိုင်း တွက်ချက်၍ ဦးဝင်းမင်းအား ပေးပါကြောင်း၊ အလုပ်သမားအား တိုက်ရိုက်လစာမပေးကြောင်း၊ (၃) ၂၀၁၂ ခုနှစ် မတိုင်မီက ကန်ထရိုက်စနစ်ဖြင့် စက်ရုံ ၂၀ ခန့်ရှိခဲ့ပြီး ၂၀၁၂ ခုနှစ်မှစ၍ သိသောဆေးဆိုး ကန်ထရိုက်မှာ ဦးစောစိုးမင်းနှင့် ဦးသန်းမြင့်တို့ဖြစ်ကြောင်း၊ ထိုသူများနှင့် ကန်ထရိုက်စာချုပ်ချုပ်ထားသလားဆိုလျှင် မသိပါကြောင်း၊ (၄) အလုပ်သမားများ တင်ထားသော နစ်နာကြေးမှာ ၃ လစာဖြစ်ကြောင်း၊ ထိုတောင်းခံမှုနှင့်စပ်လျဉ်း၍ အလုပ်သမားများမှ ရွှေဇင်အေးအထည်ချုပ်စက်ရုံ၏အလုပ်သမားများမဟုတ်သော်လည်း ဦးဝင်းမင်းတို့မှ ကူညီထားသည်များရှိ၍ လူမှုရေးအရ တစ်လခွဲစာကူညီနိုင်၍ လုပ်ငန်းရှင်အား ပြောပြပေးမည်ဟု အကြံပြုခဲ့ကြောင်း၊ (၅) ဦးဝင်းမင်းမှ နှုတ်ဖြင့်ပြော၍ အလုပ်ထုတ်ခဲ့ခြင်းဖြစ်ကြောင်း၊ အလုပ်ရပ်နားမည်ကို နှုတ်ဖြင့်တစ်လကျော်ခန့်ကြိုတင်ပြောခဲ့ကြောင်း၊ (၆) လူမှုရေးအရ ဆောင်ရွက်ပေးနိုင်ကြောင်း စသောအချက်များဖြစ်ပါသည်။

၁၈။ ခုံအဖွဲ့က အမှုစစ်ဆေးရာတွင် ကန်ထရိုက် ဦးဝင်းမင်း၏ ထွက်ဆိုချက်များမှာ (၁) ၂၀၁၇ ခုနှစ်တွင် ရွှေပေါက်ကံ၌ စလုပ်ပြီး ၂၀၁၈ ခုနှစ်တွင် အမှတ် ၁၅၆၊ ဆည်မြောင်းရပ်ကွက်၊ ရွှေပေါက်ကံသို့ ပြောင်းရွှေ့လုပ်ကိုင်ခဲ့ကြောင်း၊ (၂) အလုပ်သမား ၇ ဦးလုံးအား ပုံသေလစာပေးကြောင်း၊ ဘောင်ကူး အလုပ်သမားအား မပြည့်လျှင် လစာပြည့်အောင် ဖြည့်ပေးကြောင်း၊ (၃) လုပ်ငန်းရပ်ဆိုင်းတော့မည်ဟု မိမိကပြောကြားခြင်းဖြစ်ကြောင်း၊ ဆက်လုပ်လျှင် ခုံထပ်ချဲ့ခြင်း၊ မီးအပူပေးခြင်း၊ စက်အသစ်များထပ်မံမဝယ်နိုင်တော့၍ ရပ်ရခြင်းဖြစ်ကြောင်း၊ (၄) လူမှုရေးအရ ညှိနှိုင်းမှုဖြင့် အလုပ်သမားများအား ၃ လစာပေးရန် ဆန္ဒပြုကြောင်း၊ သဘောတူညီကြောင်း ဖြစ်သောအချက်များ ဖြစ်ပါသည်။

<u>သုံးသပ်ချက်</u>

၁၉။ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က ဖျန်ဖြေရာတွင် အလုပ်ရှင်ဘက်မှ ဦးစိုးအောင်နှင့် ကန်ထရိုက်တာ ဦးဝင်းမင်းတို့ တက်ရောက်ခဲ့ပါသည်။ ခုံသမာဓိအဖွဲ့သို့ ချေပလွှာတင်ပြရာတွင် ဦးဝင်းမင်းက တစ်စောင်နှင့် ဦးစိုးအောင်က တစ်စောင်ဟူ၍ ခွဲခြားတင်ပြခဲ့ကြပါသည်။ ခုံသမာဓိအဖွဲ့မှ အမှုစစ်ဆေးရာတွင် ဦးဝင်းမင်းသာ တက်ရောက်ခဲ့ပါသည်။ ခုံသမာဓိအဖွဲ့မှ ဆုံးဖြတ်ချက် ချမှတ်ရာတွင် အလုပ်ရှင်နှင့် ကန်ထရိုက်တာတို့၏ အမည်ကိုဖော်ပြခဲ့သော်လည်း လိုက်နာဆောင်ရွက်ရန် အလုပ်ရှင်တစ်ဦးတည်း၏ အမည်ဖြင့် ဆုံးဖြတ်ခဲ့ပါသည်။ ကန်ထရိုက်တာတွင် တာဝန်မရှိနိုင်ကြောင်း သုံးသပ်ခဲ့ပါသည်။ ဝန်ထမ်းလခများအား ရွှေဇင်အေးအထည်ချုပ်စက်ရုံမှ တာဝန်မယူပါဟု စက်ရုံနှင့် ကန်ထရိုက်တာတို့ ချုပ်ဆိုထားသည့် စာချုပ်ရှိသဖြင့်လည်းကောင်း၊ ဦးဝင်းမင်းနှင့် ဦးလင်းလင်းတို့ (၂)ဦးမှာ လစာ/အခကြေးငွေ ထုတ်ယူသူများစာရင်းတွင် မပါရှိခြင်းကြောင့်လည်းကောင်း၊ ကန်ထရိုက်တာတွင် လခပေးရန်တာဝန်ရှိကြောင်း သုံးသပ်နိုင်ပါသည်။

၂၀။ ကန်ထရိုက်တာက ရွှေဇင်အေးအထည်ချုပ်စက်ရုံနှင့် ယင်း၏သူငယ်ချင်း ဆေးရိုက်လုပ်ငန်းတွင် အလုပ်ပြောပေးသော်လည်း အလုပ်သမားများက မလုပ်နိုင်ကြောင်း ထွက်ဆိုကြပြီး နစ်နာကြေး ရရှိရေးကိုသာ တောင်းဆိုခဲ့ပါသည်။

၂၁။ အလုပ်ရှင်ဘက်မှ ဦးစိုးအောင်က ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တင်သွင်းသည့် ဆေးရိုက်ဌာန အတွက် ဆေးရိုက်ခစျေးနှုန်းသတ်မှတ်ခြင်းစာတွင် ရွှေဇင်အေးအထည်ချုပ်စက်ရုံဥက္ကဋ္ဌ ဦးစန်းယု လက်မှတ်ရေးထိုးထားပြီး ဆေးရိုက်တာဝန်ခံအမည်ဖြင့် ဦးဝင်းမင်းက လက်မှတ်ရေးထိုးထားမှုရှိပြီး၊ ခုံသမာဓိအဖွဲ့ကမူ ကန်ထရိုက်အဖြစ် စာချုပ်ချုပ်ဆိုဆောင်ရွက်ထားမှု မတွေ့ရှိရကြောင်း သုံးသပ်ထားပါသည်။ ထိုစျေးနှုန်းသတ်မှတ်ခြင်းစာ၌ ဆေးရိုက်ရာတွင် အသုံးပြုသော ဆေးဝါး ဝယ်ယူစရိတ်နှင့် ဝန်ထမ်းလစာများအား ရွှေဇင်အေးအထည်ချုပ်စက်ရုံမှ တာဝန်မယူပါဟူသော အချက်ပါရှိပြီး ဆေးဆိုးလုပ်ငန်းလက်ခံဆောင်ရွက်သူက အလုပ်သမားများ၏ အခကြေးငွေကို

ထုတ်ပေးကြောင်း ထွက်ဆိုချက်အရ ကန်ထရိုက်တာသည် လုပ်ကိုင်ရသည့်ပစ္စည်း၏ အလုပ်ရှင်မဟုတ်သော်လည်း လုပ်ငန်းကို ပိုင်ဆိုင်လုပ်ကိုင်သည့် ပိုင်ရှင်ဖြစ်သည်ဟု သတ်မှတ်ရန်သင့်ပါသည်။

၂၂။ ကန်ထရိုက်တာမှာ ဆေးဆိုးလုပ်ငန်းကို (၈) လကျော်ခန့်သာ လုပ်ကိုင်ခဲ့သည့်အချက်တွင် အလုပ်သမားများက အငြင်းပွားခြင်းမရှိပါ။ သာမန်အားဖြင့် လုပ်ကိုင်ခဲ့သည်ဆိုသော ကာလအတွက်သာ တာဝန်ယူရန်ဖြစ်ပါသည်။ သို့သော် ဦးဝင်းမင်းမတိုင်မီ ဆေးဆိုးလုပ်ငန်းကို ဦးစီးလုပ်ကိုင်သူများမှာ ရွှေဇင်အေးအထည်ချုပ်စက်ရုံမှ ဝန်ထမ်းများဖြစ်နေပြီး ယခုအခါတွင် စက်ရုံ၌မရှိကြတော့၍လည်းကောင်း၊ အထည်ချုပ်လုပ်ငန်း အလုပ်ရှင်နှင့် စာချုပ်ချုပ်ဆိုလုပ်ကိုင်မှု ရှိ/မရှိ မသိရ၍လည်းကောင်း၊ အလုပ်သမားများ၏ လုပ်သက်ကို ရွှေဇင်အေးအထည်ချုပ်စက်ရုံ အလုပ်ရှင် သို့မဟုတ် ကန်ထရိုက်တာ ဦးဝင်းမင်းတွင် တာဝန်ရှိသည်ဟု ဖြေရှင်းရန် မလွယ်ကူကြောင်း တွေ့ရှိရပါသည်။ အခြားတစ်ဖက်တွင်မူ အလုပ်သမားများ ဆေးဆိုးလုပ်ငန်းလုပ်ကိုင်ခဲ့သည့် လုပ်သက်များကို အသိအမှတ်ပြုရန် လိုအပ်သော်လည်း မည်သည့်ပုဂ္ဂိုလ်အပေါ် တာဝန်ချရန်လည်း မလွယ်ကူကြောင်း တွေ့ရှိရပါသည်။ အခြားတစ်ဖက်တွင်မူ အလုပ်သမားများအား အလုပ်ရပ်ဆိုင်းသော်လည်း အခြားသင့်တော်သည့် အလုပ်၌လုပ်ရန် စီစဉ်ပေးမှုနှင့် အခြားဆေးဆိုးလုပ်ငန်း၌ လုပ်ရန် စီစဉ်ပေးမှုတို့ကို အလုပ်သမားများက လက်မခံခြင်းကြောင့် အလုပ်လက်မဲ့ဖြစ်ရခြင်းတွင် ၎င်းတို့အနေဖြင့် တစ်စိတ်တစ်ဒေသ တာဝန်ရှိသည်ဟု တွေ့ရှိရပါသည်။ ရွှေဇင်အေးအထည်ချုပ်စက်ရုံအနေဖြင့် ကန်ထရိုက်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ယခင်က စာချုပ်စာတမ်းချုပ်ဆိုဆောင်ရွက်ခဲ့ခြင်းမရှိသဖြင့် ယခုကဲ့သို့ အလုပ်သမားအငြင်းပွားမှု ပေါ်ပေါက်ရသည်ဟု တွေ့ရှိရပါသည်။ ယခုအငြင်းပွားမှုအတွက် ဦးဝင်းမင်းအား လူမှုရေးအရ ကူညီမှုများပြုရန် ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရကြောင်းနှင့် ဆက်လက်၍ လူမှုရေးအရ ဆောင်ရွက်ပေးနိုင်ကြောင်း ထွက်ဆိုခဲ့သည်ကို တွေ့ရှိရပါသည်။

၂၃။ အလုပ်သမားများက (၃) လစာ ကရုဏာကြေးရလိုကြောင်း တင်ပြခဲ့မှုရှိပြီး ခုံအဖွဲ့က စစ်ဆေးရာတွင်လည်း ထို(၃) လစာငွေကြေးရလျှင် ကျေနပ်ကြောင်း ထွက်ဆိုပါသည်။ ကန်ထရိုက်တာဘက်ကလည်း (၃) လစာပေးရန် ဆန္ဒပြုပြီး သဘောတူညီကြောင်း ထွက်ဆိုခဲ့ပါသည်။ ထိုအချက်များကို အလေးထားဆုံးဖြတ်သင့်သည်ဟု သုံးသပ်ပါသည်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၅ ရက် ရက်စွဲပါ အငြင်းပွားမှုအမှတ် (၆၉/၂၀၁၈) ဆုံးဖြတ်ချက်ကို ပြင်ဆင်ပြီး အလုပ်သမားများအား အလုပ်လက်မဲ့ဖြစ်ရမှုအတွက် လူမှုရေးအရ

ကရုဏာကြေးအဖြစ် (၃) လစာစီပေးရန် နှစ်ဦးနှစ်ဖက်သဘောဆန္ဒ ကိုက်ညီမှုအရ အောက်ပါအတိုင်း ကန်ထရိုက်တာ ဦးဝင်းမင်းမှ အလုပ်သမားများအား ပေးရန် ဆုံးဖြတ်သည်-

| စဉ် | အမည် | လစာနှုန်း | သင့်ငွေ |
|---|---|---|---|
| ၁။ | ဦးဇာနည် | ၂၅၀,၀၀၀/- | ၇၅၀,၀၀၀/- |
| ၂။ | ဦးကျော်မင်းသူ | ၁၂၀,၀၀၀/- | ၃၆၀,၀၀၀/- |
| ၃။ | ဦးကျော်သူအောင် | ၁၂၀,၀၀၀/- | ၃၆၀,၀၀၀/- |
| ၄။ | ဦးချစ်စန်းလှိုင်ထွေး | ၁၂၀,၀၀၀/- | ၃၆၀,၀၀၀/- |
| ၅။ | ဦးသက်အောင် | ၁၀၈,၀၀၀/- | ၃၂၄,၀၀၀/- |
| ၆။ | ဦးအောင်လင်းထွဋ် | ၁၀၀,၀၀၀/- | ၃၀၀,၀၀၀/- |
| ၇။ | ဦးတင်မောင်ဝင်း | ၁၅၀,၀၀၀/- | ၄၅၀,၀၀၀/- |

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၂၄။ အထက်ပါ ဆုံးဖြတ်ချက်အရ ပေးရန်တာဝန်ရှိသည့်ငွေများကို ဤဆုံးဖြတ်ချက်ချသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း ပေးရမည်။ အလုပ်ရှင်ဘက်မှ ပေးရန်ပျက်ကွက်ပါက ၂၀၁၂ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ ၂၉ အရ အဆိုပါငွေကို မြေခွန်မပြေ ကျန်ငွေကဲ့သို့ အရကောက်ခံရမည်။

ဦးထွန်းအောင်
အဖွဲ့ဝင်

ဦးအောင်သန်း
ဥက္ကဋ္ဌ

ဦးတင်ထွန်း
အဖွဲ့ဝင်